# ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် စခန်းသာကျေးရွာအုပ်စုအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ လူမှုရေးပွဲ့စည်းပုံ


ကျမ်းတင်သွင်းသူ – မမြသီတာအောင်

ဿ – ၁

မနုဿဗေဒ



၁၉၉၆ – ၉၈

# နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောနိုင်ငံဖြစ်ပါသည်။ မွန်ဂိုမျိုးနွယ်မှပေါက်ဖွားလာသော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည် ပင်ရင်းဒေသဖြစ်သော မွန်ဂိုးကုန်းပြင်မြင့်မှ (၁) မွန်ခမာအုပ်စု (၂) တိဗက်–မြန်မာအုပ်စု (၃) ထိုင်းတရုတ်အုပ်စုဟူ၍ လူမျိုးအုပ်စုကြီး (၃) စုခွဲပြီးလျှင် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာခဲ့ကာ လွန်ခဲ့သောနှစ်ပေါင်းများစွာမှအစပြု၍ ဤပြည်ထောင်စုမြေပေါ်၌ အတူတကွနေထိုင်လာခဲ့ကြသော သွေးရင်းသားရင်းညီရင်းအစ်ကိုများပင် ဖြစ်ကြပါသည်။ ထိုတိုင်းရင်းသားများထဲမှ ရှမ်းတိုင်းရင်းသားတို့သည် ထိုင်း–တရုတ် အုပ်စုကြီးမှ ပေါက်ဖွားလာခဲ့ကြပေသည်။

မြန်မာနှင့်ရှမ်းတိုင်းရင်းသားတို့သည် ခေတ်အဆက်ဆက်ကတည်းမှ အပြန်အလှန်ဆက်နွယ်မှုများရှိကြောင်း သမိုင်းတွင်ထင်ရှားလှပေသည်။ ရှမ်းတိုင်းရင်းသားတို့သည် မြန်မာတို့နှင့် လက်ရည်တပြင်တည်း နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြပေသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် ရှမ်းတိုင်းရင်းသားတို့သည် ကဏ္ဍတစ်ခုမှနေ၍ပါဝင်ခဲ့သည်။ တနည်းအားဖြင့်ဆိုသော် ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၏ ကြွယ်ဝမှုကို ရှမ်းတို့ကအထောက်အကူပြုခဲ့ပေသည်။

ထို့ကြောင့် ရှမ်းတိုင်းရင်းသားတို့၏ သမိုင်းကြောင်းမှစ၍ လူနေမှုဘဝကို လေ့လာရန် စိတ်ဝင်စားခဲ့ပါသည်။ ထို့ကြောင့် ရှမ်းအမျိုးကွဲများစွာရှိသည့်အနက် ရှမ်းကြီးကိုလေ့လာရန်အတွက် ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်ရှိ စခန်းသာကျေးရွာကို ရွေးချယ်ကာ လူမှုရေးဖွဲ့စည်းပုံခေါင်းစဉ်ဖြင့် မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းတင်သွင်းရေးသားခဲ့ပါသည်။ ကျွန်မသည် ကျောက်မဲဒေသသို့ (၂၆ . ၉. ၉၆) ရက်နေ့မှ (၁၂. ၁၀. ၉၆) ရက်နေ့အထိလည်းကောင်း (၂၇. ၉. ၉၇) ရက်နေ့မှ (၈. ၁၀. ၉၇) ရက်နေ့အထိလည်းကောင်း သွားရောက်၍ ကွင်းဆင်းလေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ဒေသခံရွာသားများအနေဖြင့် မိမိတို့သိရှိသည်ကို အားတက်သရောဖြေကြားပေးခဲ့ပါသည်။ သို့ရာတွင် ဘာသာစကားအားဖြင့် ဒေသခံများမှာ ရှမ်းဘာသာစကားကိုသာ ကျွမ်းကျင်မှုရှိခြင်းကြောင့် တွေ့ဆုံမေးမြန်းရာတွင် ကြားမှဘာသာပြန်သူကိုအသုံးပြု၍ မိမိသိလိုသည်များကို မေးမြန်းရသဖြင့် အခက်အခဲအနည်းငယ်တွေ့ရှိရပါသည်။

ထိုနေရာကိုရွေးချယ်ရခြင်းမှာ သီပေါစော်ဘွားတို့၏ နွေရာသီတွင်နေထိုင်ခဲ့သော စခန်းသာဟော်နန်းအဟောင်းမှာ ထိုကျေးရွာတွင်ရှိသောကြောင့် စော်ဘွားခေတ်အခြေအနေကို

လေ့လာနိုင်ပါသည်။ ထို့ပြင် စခန်းသာကျေးရွာမှာ ကျောက်မဲ–မန္တလေးကားလမ်းပေါ်တွင်ရှိခြင်းကြောင့် သွားရောက်လေ့လာရန် လမ်းပမ်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ကာ ကျေးရွာ၏အခြေအနေအားဖြင့် ရှေးထုံးစံများ မပပျောက်သေးသည့်အခြေအနေနှင့်အတူ မျက်မှောက်ခေတ် မြေပြန့်နေတိုင်းရင်းသားများနည်းတူ တိုးတက်နိုင်အောင် ကြိုးစားနေသောအခြေအနေတွင်ရှိကြောင်း တွေ့ရှိရသဖြင့် ထိုဒေသရှိတိုင်းရင်းသားတို့၏ လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်အောင် မည်သို့ဆောင်ရွက်သင့်သည်၊ ထိုဒေသ၏လိုအပ်ချက်များမှာ မည်သည်တို့ဖြစ်သည်ကို လေ့လာသိရှိနိုင်ရန်နှင့် ထိုတိုင်းရင်းသားတို့၏ သဘောသဘာဝ၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို သိရှိနားလည်မှုရှိခြင်းဖြင့် လူမှုဆက်ဆံရေး အုပ်ချုပ်ရေးစသောကိစ္စအဝဝကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သောကြောင့် တိုင်းရင်းသားအချင်းချင်းနားလည်မှုရှိပြီး ပိုမိုစည်းလုံးညီညွတ်မှုရရှိစေရန်ဖြစ်ပါသည်။